# ကျောက်ပုံကျေးရွာ
# ရှာင်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်ပုံကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၂ခုနှစ်

ကျောက်ပုံကျေးရွာ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | |
| ၂ | **ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)ငါးလုပ်ငန်း | |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူကပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | |
| ၆ | **ပညာရေး** | |
| ၇ | **ကျန်းမာရေး** | |
| ၈ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများ ပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ် ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျောက်ပုံကျေးရွာ
ရှားငံမြို့နယ်

ကျောက်ပုံကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

**ကျောက်ပုံကျေးရွာသည် ရှားငံမြို့နယ်၊ ကျောက်ပုံကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သောကျေးရွာဖြစ်ပါသည်။ ကျောက်ပုံကျေးရွာသည် ရှားငံမြို့နှင့် (၃)မိုင် ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရေး လွယ်ကူပါသည်။ အနီးဝန်းကျင်တွင် ကျေးရွာများတည်ရှိပါသည်။**

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းတွင်တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် ကျောက်တောင်ဖျားရှိပါသည်။ ဆေးဖက်ဝင်အသီးအပင်များနှင့် ဝဥများ၊ သစ်ခွပန်းမျိုးစုံရရှိနိုင်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ကျောက်ပုံကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၃၂)စုနှင့် စုစုပေါင်း (၉၉၄)ဦးရှိပါသည်။ ကျေးရွာတွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်ကြပြီး ဓနုလူမျိုးများလည်း အနည်းငယ် ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၈၀%)ရှိပြီး အမျိုးသားနည်းတူ အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များဖန်တီးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို အထောက်အကူပြုစေနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးအဖွဲ့တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ကိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းဖြစ်သော စိုက်ပံအဖွဲ့ သမဝါယမအသင်းစုတို့မှ ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက် လိုအပ်သော ချေးငွေများကို ထုတ်ချေးနိုင်ပါသည်။ အခြားပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှု ရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

**(က)** သီးနှံစိုက်ပျိုးရေး

ကျောက်ပုံကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ ယာမြေ(၄၀၀)ဧကနှင့် မြေလွတ်မြေလပ် (၅)ဧက စုစုပေါင်း (၄၀၅) ဧကရှိပါသည်။ (၃.၅) ဧကအောက် ဆင်းရဲသားတောင်သူအိမ်ထောင်စု (၅၀)စု၊ (၃.၅-၅) ဧကကြား တောင်သူငယ်အိမ်ထောင်စု (၃၀) စု၊ (၅-၁၀)ဧကကြား တောင်သူလတ် အိမ်ထောင်စု (၃၀) စု၊ (၁၀-၁၂) ဧကကြား တောင်သူကြီးအိမ်ထောင်စု (၂၀) စု ရှိပါသည်။ အဓိကအားဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ ပန်းနှမ်း၊ မုန်လာ၊ ခရမ်းချဉ်တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့်

ရာသီအလိုက်လုပ်ငန်းခွင်များတွင်လည်းကောင်း၊ အခြားမြို့များသို့ သွားရောက်၍ ရရာအလုပ်များဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုင်နိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်သည့်အလျှောက် သီးနှံဈေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးစိုက်ပျိုးကြပြီး ဈေးကွက်သို့ ရောင်းချနိုင်မှုမရှိခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့် သီးနှံများပိုးမွှားကျရောက်ခြင်းများရှိနေပါသည်။

သီးနှံအထွက်တိုးစေရန်အတွက် သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာများနှင့် ဓာတုပိုးသတ်ဆေးများကို ရွာင်မြို့နယ်တွင် သွားရောက်ဝယ်ယူနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျောက်ပုံကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၈၀) စုရှိပြီး နွားကောင်ရေ (၃၆၀)ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု (၁၀၀)စုရှိပြီး ကျွဲကောင်ရေ (၁၅၀)ကောင်၊ ဝက်မွေးမြူထားသောအိမ်ထောင်စု (၅၀) စုရှိပြီး ဝက်ကောင်ရေ (၆၀)ရှိပါသည်။ အများစုမှာ တနိုင်တပိုင်မွေးမြူထားသော အိမ်ထောင်စုများဖြစ်ပြီး နွားနှင့်ကျွဲများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြပါသည်။

ကျေးရွာတွင် စားကျက်မြေနည်းပါးခြင်းကြောင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်ရန်ခက်ခဲပါသည်။ ကျွဲ၊ နွား သောက်ရေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာများနှင့်ပတ်သတ်သည့် အတွေ့အကြုံအသိပညာများ အားနည်းကြပါသည်။

**(ဂ) ငါးလုပ်ငန်း**

ကျောက်ပုံကျေးရွာသည် သောက်သုံးရေသာလုံလောက်သည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

**(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်မှုရှိပါသည်။ ကျပန်းလုပ်သားများ၊ နေ့စားအငှားလိုက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခွင့်အလမ်းများအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြခြင်း၊ ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူများ အများအပြားရှိပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင်အခြားအဖွဲ့အစည်းများဖြစ်သော (အသေးစား)အဖွဲ့ သမဝါယမအသင်းစုတို့မှ ချေးငွေရယူကြပါသည်။ ၎င်းတို့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူပြီး သတ်မှတ်သော အချိန်တွင် ပြန်လည်ပေးဆပ်ကြပါသည်။ ချေးငွေကို စားဝတ်နေရေး ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ကား၊ ထော်လာဂျီများ အဓိကထားအသုံးပြုကြပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရခက်ခဲပါသည်။ မြေသားလမ်း၊ ကျောက်ချောလမ်းဖြစ်၍ မိုးတွင်းကာလ၌ အနည်းငယ်ခက်ခဲပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် **လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ တချို့မှာ လျှပ်စစ်မီး ဓာတ်အားသွယ်တန်းနိုင်ခြင်းမရှိပါသဖြင့် ဆိုလာမီးအား အသုံးပြုကြပါသည်။**

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ တီဗွီ၊ ရေဒီယိုစသည်တို့မှရရှိသည်။ ရွာတွင် ဖုန်း(၆၆)လုံး၊ တီဗွီ(၁၂)လုံးနှင့် ရေဒီယို(၅)လုံးခန့်ရှိသည်။

## ၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းပညာကို သင်ကြားနိုင်ပြီး အထက်တန်းပညာကို ရွှာင်မြို့ အထက်တန်းကျောင်းတွင် သွားရောက်သင်ကြားရပါသည်။ ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာတတ်မြောက်ကြပါသည်။ ယခုအခါ အထက်တန်း၊ တက္ကသိုလ်ပညာတတ်မြောက်သူများလည်းရှိကြပါသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်ရန် လိုအပ်ပါသည်။ ကျောင်းပရိဘောဂများ၊ အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု အားနည်းနေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျောက်ပုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ သို့သော်လည်း ကျန်းမာရေးဝန်ထမ်း ကြီးကြပ်(၁)ဦးရှိပြီး ကျန်းမာရေး ဝန်ဆောင်မှုကို ရရှိနိုင်ပါသည်။ ရွာသူ/သားများသည် ကြီးမားသောရောဂါ ဖြစ်ပွားပါက ရွှာင်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သတ်သည့် အသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် မိုးရေလှောင်ကန်များနှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးထားသည့် မြစေတီကျေးရွာမှ (၂၀၁၇) ခုနှစ်တွင် ရေပိုက်များသွယ်တန်းရရှိပါသည်။

ကျောက်ပုံကျေးရွာတွင် ရွာလုံးကျွတ်ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေးအတွက်ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သတ်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကြီးမားစွာကျရောက်မှုမရှိပါ။ ကျရောက်ခဲ့ပါကလည်း ကြိုတင်ကာကွယ်ရန် နည်းလမ်းများစီစဉ်ထားမှုမရှိပါ။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေမှာ တန်းတူညီမျှရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်နိုင်မှုရှိလာပါသည်။ သာရေး၊ နာရေးများတွင်လည်း ပါဝင်မှုရှိလာသည်။ ကျား၊ မတန်းတူညီမျှရေးအတွက် အသိပညာပေး ဟောပြောမှုများလည်း လိုအပ်လျက်ရှိပါသည်။

၁၀။ ကျောက်ပုံကျေးရွာတွင်ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- ကျောက်ပုံကျေးရွာအုပ်စု ကျေးရွာအမည်-ကျောက်ပုံကျေးရွာ

| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့် လုပ်ငန်းစဉ်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ခန်းမ | ခန်းမတည်ဆောက်ရန် လိုအပ်ခြင်း | ကျောက်ပုံကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | |
| ၂။ | ကျောက်ချောလမ်း | လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ခြင်း | ကျောက်ပုံကျေးရွာ ကျေးရွာချင်းဆက်လမ်းခင်းခြင်း | |
| ၃။ | ကျန်းမာရေး | ဆေးပေးခန်း လိုအပ်ခြင်း | ကျောက်ပုံကျေးရွာ ဆေးပေးခန်း ဆောက်လုပ်ခြင်း | |
| ၄။ | ပညာရေး | အုတ်တံတိုင်းကာရန်ရန် လိုအပ်ခြင်း | ကျောက်ပုံကျေးရွာ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း | |
| ၅။ | ရေပေးရေး | သံပိုက်အစားထိုးရန် လိုအပ်ခြင်း | ကျောက်ပုံကျေးရွာ PVC ပိုက်နေရာတွင် သံပိုက်အစားထိုးသွယ်တန်းခြင်း | |

နောက်ဆက်တွဲ(၁)

ကျောက်ပုံကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | အသက် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးစံလင်း | ဥက္ကဋ္ဌ | ၁၃/ရကန(နိုင်)၀၇၆၆၆၅ | | ၀၉-၄၄၉၇၆၈၃၅၅ | |
| ၂။ | ဒေါ်မြနှင်း | အတွင်းရေးမှူး | ၁၃/ရကန(နိုင်)၀၆၂၈၇၉ | | ၀၉-၂၅၁၀၆၈၈၄၆ | |
| ၃။ | ဦးမျိုးကျော် | ဝယ်/ဆပ် ကော်မတီဥက္ကဋ္ဌ | ၁၃/ရကန(နိုင်)၀၇၅၃၄၆ | | ၀၉-၂၅၁၈၂၅၄၅၃ | |
| ၄။ | ဦးလွင်ဦး | ဝယ်/ဆပ် ဘဏ္ဍာရေးမှူး | ၁၃/ရကန(နိုင်)၀၄၄၂၀၆ | | ၀၉-၂၅၀၆၂၇၆၅၄ | |
| ၅။ | ဦးမောင်လေး | အဖွဲ့ဝင် | ၁၃/ရကန(နိုင်)၀၃၄၃၈၈ | | ၀၉-၄၅၇၁၂၂၄၈၁ | |
| ၆။ | ဒေါ်အေးဝေ | အဖွဲ့ဝင် | ၁၃/ရကန(နိုင်)၀၈၂၆၈၁ | | ၀၉-၈၈၂၇၁၁၄၇၂ | |
| ၇။ | ဒေါ်ခင်မြင့်မိုး | အဖွဲ့ဝင် | ၁၃/ရကန(နိုင်)၀၅၇၄၄၂ | | ၀၉-၂၅၈၂၁၉၅၇၅ | |

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ကျောက်ပုံကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ဟောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးကျင်းပပြုလုပ်ရန် နေရာအခက်အခဲဖြစ်နေခြင်း | ဘက်စုံသုံးခန်းမ မရှိခြင်း | ဘက်စုံသုံးခန်း မအဆောက်အဦးအတွက်မြေ ေရာရှိခြင်း | ငွေ ကြေးထည့်ဝင်နိုင်မှု အားနည်း ခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးတို း တက်ရေးဦးစီးဌာန၏ အကြံညဏ်ယူပြီးဆောင် ရွက်ပါမည်။ | ကျောက်ပုံကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ြ ြင်း |
| ၂။ | လမ်းကြံ့ခိုင်မှုအားနည်း ခြင်း | မြေသားလမ်းဖြစ်နေခြင်း | ကြံ့ခိုင်ကောင်း မွန်သောလမ်း ဖြစ်ရန် ရွာသူရွာသား များလိုလားခြင် း | ငွေ ကြေးထည့်ဝင်နိုင်မှု အားနည်း ခြင်း | မြို့နယ်စည်ပင်ဦးစီးဌာန မှ အကြံညဏ်ယူပြီး ဆောင်ရွက်ပါမည်။ | ကျောက်ပုံကျေးရွာ ကျေးရွာချင်းဆက်လမ်းခင်းခြ င်း |
| ၃။ | ပတ်ဝန်းကျင်ရှိဆေးပေးခန်း သို့ သွားရောက်ကုသမှုခံယူနေရြ ြင်း | ဆေးပေးခန်း မရှိခြင်း | ဆေးပေးခန်းအ ဆောက်အဦအ တွက်မြေနေရာ လိုလားခြင်း | ငွေ ကြေးထည့်ဝင်နိုင်မ ှုအားနည်း ခြင်း | ကျန်းမာရေးဦးစီးဌာနမှ အကြံညဏ်ယူပြီးဆောင် ရွက်ပါမည်။ | ကျောက်ပုံကျေးရွာ ဆေး ပေးခန်းဆောက်လုပ်ခြင်း |
| ၄။ | စာသင်ကျောင်း လုံခြုံမှု မရှိခြင်း | အုတ်တံတိုင်း မရှိခြင်း | အုတ်တံတိုင်း ကာရန်ခြင်း | ငွေကြေးထည့်ဝင်နိုင် မှုအားနည်းခြင်း | ပညာရေးဦီစီးဌာနမှ အကြံဉာဏ် ယူပြီး ဆောင်ရွက်ပါမည် | ကျောက်ပုံကျေးရွာ စာသင် ကျောင်းအုတ်တံတိုင်းကာရံခြ င်း |
| ၅။ | ရေမလုံလောက်ခြင်း ရေသွယ်တန်းယူဆောင်ရာ တွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများ အရည်အသွေး မြင့်တင် ခြင်း | သွယ်တန်းရာ၌ သံပိုက်လုံလော က်မှုမရှိခြင်း | သံပိုက်အစား ထိုး အသုံးပြုခြင်း | ငွေကြေးထည့်ဝင်နိုင် မှုအားနည်းခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးတို း တက်ရေးဦးစီးဌာန၏ အကြံညဏ်ယူပြီးဆောင် ရွက်ပါမည်။ | ကျောက်ပုံကျေးရွာ PVC ပိုက်နေရာတွင် သံပိုက် အစားထိုးသွယ်တန်းခြင်း |

နောက်ဆက်တွဲ(၄)

ကျောက်ပုံကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျောက်ပုံကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁ | ✓ | | | | |
| ၂။ | ကျောက်ပုံကျေးရွာ ကျေးရွာချင်းဆက်လမ်းခင်းခြင်း | ၂ | | ✓ | | | |
| ၃။ | ကျောက်ပုံကျေးရွာ ဆေးပေးခန်းဆောက်လုပ်ခြင်း | ၃ | | | ✓ | | |
| ၄။ | ကျောက်ပုံကျေးရွာ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း | ၄ | | | | ✓ | |
| ၅။ | ကျောက်ပုံကျေးရွာ PVC ပိုက်နေရာတွင် သံပိုက်အစားထိုးသွယ်တန်းခြင်း | ၅ | | | | | ✓ |